# မြန်မာ- ဆိုင်ကလုန်း မိုခါ

## အခြေအနေတင်ပြချက်အစီရင်ခံစာ အမှတ်စဉ် (၁)

*၂၀၂၃ ခုနှစ်၊ မေလ (၂၅) ရက် မွန်းလွဲ ၂ နာရီအထိ အခြေအနေ*

မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ OCHA အဖွဲ့က ထုတ်ဝေခဲ့သည့် နေ့စဉ်အရေးပေါ်သတင်းအချက်အလက်များ (Flash Updates) ကို ပိုမိုပြည့်စုံသော ဤအစီရင်ခံစာဖြင့် အစားထိုးထုတ်ပြန်သွားမည်ဖြစ်သည်။ ဤအခြေအနေတင်ပြချက်အစီရင်ခံစာ (Sit Rep) ကို မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော အစုအဖွဲ့ (၇) ခုနှင့် ယင်းတို့၏ လုပ်ငန်းအဖွဲ့ခွဲများနှင့် ပူးပေါင်း၍ OCHA အဖွဲ့က ထုတ်ဝေပါသည်။ ဤအစီရင်ခံစာပါ လူသားချင်း စာနာမှု လုပ်ငန်းအပိုင်းသည် မြေပြင်တွင် ဆောင်ရွက်နေသော လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းအားလုံးကို ထင်ဟပ်ဖော်ပြထားခြင်းမရှိဘဲ၊ မိတ်ဖက်အဖွဲ့များက မိမိတို့ဆန္ဒအလျောက် အစီရင်ခံထားသည့်လုပ်ငန်းများသာဖြစ်ကြောင်း ဖော်ပြလိုပါသည်။ ဤ Sit Rep အစီရင်ခံစာကို ၂၀၂၃ ခုနှစ်၊ မေလ (၃၀)ရက်နေ့ သို့မဟုတ် ယင်းနေ့ပတ်ဝန်းကျင်တွင် နောက်တစ်ကြိမ် ထုတ်ပြန်ပါမည်။

## အဓိကအချက်အလက်များ

- မုတ်သုံရာသီ ဝင်ရောက်လာသည်နှင့်အမျှ၊ လူသားချင်း စာနာမှု အသိုင်းအဝိုင်းသည် မေလ ၁၄ ရက်နေ့က မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် မိုခါဆိုင်ကလုန်း မုန်တိုင်းကြောင့် အပြင်းထန်ဆုံးထိခိုက်ခဲ့ရသည့် ဒေသများတွင် ခိုလှုံစရာ၊ ရေ၊ သန့်ရှင်းရေးနှင့် စားနပ်ရိက္ခာ အရေးပေါ်အကူအညီများ ပေးအပ်နိုင်ရန်အတွက် အချိန်နှင့် တပြေးညီ ဆောင်ရွက်နေရပါသည်။
- အကူအညီပေးရေးအဖွဲ့အစည်းများသည် မိမိတို့ လက်ဝယ်ရှိ ကယ်ဆယ်ရေးပစ္စည်းများဖြင့် ခွင့်ပြုချက်ရရှိသည့် နေရာများတွင် အကူအညီများကို ထောက်ပံ့ပေးနေသော်လည်း၊ ရပ်ရွာအသိုင်းအဝိုင်းအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အကူအညီများ ကျယ်ပြန့်စွာ ပေးအပ်နိုင်ရေးအတွက် ပစ္စည်းထောက်ပံ့မှုများ၊ ဝင်ရောက်ကူညီခွင့်များနှင့် ထပ်တိုးရန်ပုံငွေများကို အလျင်အမြန် လိုအပ် နေဆဲဖြစ်သည်။



*ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မိုခါမုန်တိုင်းကြောင့် ပြင်းထန်စွာ ထိခိုက်ခဲ့သည့် ဝိဘဇ္ဇဂါဒီဘုန်းတော်ကြီးကျောင်း ခိုလှုံရာစခန်းရှိ အမျိုးသမီးများနှင့် ကလေးငယ်များ (ဓါတ်ပုံ - UNICEF/မောင်ဉာဏ်/၂၀၂၃)*

- နေပြည်တော်တွင် ဆွေးနွေးမှုများအပေါ် အခြေခံ၍ ပြည်ပနှင့် နိုင်ငံတွင်းမှ ကယ်ဆယ်ရေးပစ္စည်းများအား သယ်ယူပို့ဆောင်ရေး အစီအစဉ်များအပါအဝင်၊ နှစ်ပတ်ကြာ ဖြန့်ဖြူးရေးအစီအစဉ်အသေးစိတ်ကို အတည်ပြုချက်ရရှိရန် တင်ပြထားပြီးဖြစ်သည်။
- မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုအသိုင်းအဝိုင်းသည် မိုခါမုန်တိုင်းကြောင့် ထိခိုက်ခံရသည့် လူဦးရေ ၁.၆ သန်းအား အကူအညီ ပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၃၃၃ သန်းလိုအပ်သည့် အရေးပေါ်ရန်ပုံငွေအဆိုပြုလွှာ (Flash Appeal) ကို ထုတ်ပြန်ခဲ့သည်။ ရခိုင်၊ ချင်း၊ မကွေး၊ စစ်ကိုင်းနှင့် ကချင်ဒေသများအနက် အဆိုးရွားဆုံးထိခိုက်ခံစားရသည့်ဒေသများရှိ ထိခိုက်လွယ်ပြည်သူများကို ကူညီပေးနိုင်ရေးအတွက် ရန်ပုံငွေများ အမြန်ဆုံးရရှိရန် အရေးကြီးပါသည်။
- ဝင်ရောက်နိုင်သည့် နေရာများတွင် ခိုလှုံရာနေရာနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများကို ဖြန့်ဖြူးပေးနေပြီး၊ လက်ရှိအချိန်အထိ ရခိုင်ပြည်နယ်ရှိ မြို့နယ် (၈) မြို့နယ်မှ အိမ်ထောင်စု ၇၇၀၀ သို့ ဖြန့်ဝေထားပြီးဖြစ်သည်။ အနောက်မြောက်ပိုင်းတွင် နေအိမ်များ ပြန်လည်ပြင်ဆင်ရန်အတွက် ငွေကြေးအကူအညီများကိုလည်း ဖြန့်ဖြူးပေးထားပြီးဖြစ်သည်။
- သောက်ရေနှင့် ကျန်းမာရေးသုံးပစ္စည်းများ ဖြန့်ဝေရေးကိုလည်း ဆက်လက်ဆောင်ရွက်နေသည်။ လွန်ခဲ့သော ရက်များအတွင်းက ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်ခံကျေးရွာများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်စခန်းများ၊ ခိုလှုံရာနေရာများတွင် သောက်ရေလီတာ ၃၀၀၀၀ ကျော်ကို ဖြန့်ဝေပေးခဲ့ပြီး၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးမှ မြို့နယ် ၆ မြို့နယ်ရှိ ဘေးဒဏ်ခံအိမ်ထောင်စု ၄၅၀၀ သို့လည်း

ကျန်းမာရေး သုံးပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။ ရေကြောင့်ဖြစ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (AWD) ဖြစ်ပွားမှုတိုးလာကြောင်းကို မှတ်တမ်းတင်ထားခဲ့သည်။

- ထိခိုက်လွယ်ပြည်သူများအတွက် စားနပ်ရိက္ခာထောက်ပံ့ပေးရန် လတ်တလောအကူအညီများကို ချက်ချင်းလိုအပ်နေပါသည်။ မုန်တိုင်းဝင်ရောက်ချိန်မှ ယခုအချိန်အထိ၊ ရခိုင်ပြည်နယ်တဝှမ်းလုံးရှိ အသိုင်းအဝိုင်းအားလုံးမှ အနည်းဆုံး လူဦးရေ ၁၀၇၀၀၀ ဦးထံသို့ WFP မှ ထောက်ပံ့သည့် စားနပ်ရိက္ခာအကူအညီများ ဖြန့်ကြက်ရောက်ရှိပြီးဖြစ်သည်။ မုန်တိုင်းဝင်ရောက်ချိန်မှစ၍ ရခိုင်ပြည်နယ်တွင် စားနပ်ရိက္ခာ အခက်အခဲရှိနေသော ပြည်သူများသို့ ဆန်နှင့်အခြားစားသောက်ကုန်ပစ္စည်းစုစုပေါင်း တန် ၂၀၀၀ ကျော်နှင့် စွမ်းအားမြှင့်ဘီစကွတ် ၁၁၁ တန်တို့ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။
- အနောက်မြောက်ပိုင်းတွင်လည်း ဖြန့်ဝေမှုများကို ပြုလုပ်နေဆဲဖြစ်သည်။ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့သည်လည်း ဆိုးရွားစွာ ထိခိုက်ခံခဲ့ရပြီး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးသည့် ပိုင်ဆိုင်မှုများစွာ ဆုံးရှုံးခဲ့ရကာ၊ စားနပ်ရိက္ခာဖူလုံရေးအတွက် ရေရှည်ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနေပါသည်။
- ကျန်းမာရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေသော်လည်း၊ အခြေခံအဆောက်အဦပျက်စီးမှုများကြောင့် အခက်အခဲများ ကြုံတွေ့နေရသည်။ များစွာသော မြို့နယ်အဆင့်ဆေးရုံအဆောက်အဦများ၊ IDP စခန်းရှိ ဆေးပေးခန်းများနှင့် ကျေးလက်ကျန်းမာရေးဌာနများ ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ ဖြစ်နိုင်သည့် နေရာများတွင် ရွေ့လျားဆေးခန်းများကို လည်ပတ်၍ ဝန်ဆောင်မှုပေးနေသည်။
- မိုင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ၊ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ၊ စိတ်ကျန်းမာရေး၊ လူနေထူထပ်ကြပ်တည်းခြင်းနှင့် ကလေးငယ်များနှင့် အုပ်ထိန်းသူများ ကွဲကွာနေခြင်း စသည်တို့သည် သိသာထင်ရှားသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာများဖြစ်ကြသည်။ မိတ်ဖက်အဖွဲ့များသည် မိုင်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး သတင်းစကားများ ဖြန့်ဝေပေးခြင်း၊ မိသားစုပြန်လည်ပေါင်းစည်းနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ကလေးသူငယ်အကျိုးပြုနေရာများ တည်ထောင်ပေးခြင်း၊ အသိနိုးကြားစေရေးသတင်းစကားများထောက်ပံ့ပေးခြင်၊ စိတ္တလူမှုပိုင်းဆိုင်ရာ အထောက်အပံ့များပေးခြင်းတို့ကို ဖြစ်နိုင်သမျှ ဆောင်ရွက်ပေးနေသည်။ ဤကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေးဆိုင်ရာစိုးရိမ်မှုများကို ဖြေရှင်းပေးရန်အတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

## အခြေအနေသုံးသပ်ချက်

အလွန့်အလွန်အင်အားပြင်းထန်သော မိုခါမုန်တိုင်းသည် မေလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်တွင် ကုန်းတွင်းသို့ ဝင်ရောက်ခဲ့ရာ၊ ကမ်းရိုးတန်းသို့ ချဉ်းကပ်လာသည့်အချိန်တွင် လေတိုက်နှုန်း တစ်နာရီလျှင် ၂၅၀ ကီလိုမီတာအထိ ရောက်ရှိခဲ့ပြီး၊ မြန်မာနိုင်ငံ၏ သမိုင်းတွင် အင်အားအပြင်းဆုံးမုန်တိုင်းတစ်လုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မိုခါမုန်တိုင်းသည် ကမ်းရိုးတန်းဒေသများကို အကြီးအကျယ်ပျက်စီးစေခဲ့ပြီး၊ ယခင်ကပင်ထိခိုက်လွယ်ပြီးဖြစ်သည့် ပြည်သူသိန်းပေါင်းများစွာကို မုတ်သုန်ရာသီမဝင်ရောက်မီ နှစ်ပတ်သာလိုတော့သည့်အချိန်တွင် ခိုလှုံစရာမရှိသည့် အခြေအနေသို့ ရောက်စေခဲ့သည်။ ဤမုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ဆက်လက်ဝင်ရောက်လာသည်နှင့်အမျှ ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် ကချင်ဒေသတို့တွင် လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်ခြင်း၊ ရေကြီးရေလျှံခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ကာ၊ ကြီးမားသော ပျက်စီးမှုများကို ယူဆောင်လာခဲ့သည်။

လူဦးရေ ၇.၉ သန်းခန့်သည် တစ်နာရီလျှင် ၉၀ ကီလိုမီတာနှုန်းထက်ကျော်သော လေပြင်းများဒဏ်ကို ခံခဲ့ရပြီး၊ ယင်းတို့အနက် ၃.၄ သန်းခန့်မှာ တစ်နာရီလျှင် ၁၂၀ ကီလိုမီတာနှုန်းထက်ကျော်သော ဖျက်အားပြင်းလေများနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခင်ကပင် ထိခိုက်လွယ်ကြသူများ၏ နေအိမ်များ၏ ခိုင်မာမှုသည် မုန်တိုင်းကြောင့် ထိခိုက်မှုနှင့် လိုအပ်ချက်များကို ဆုံးဖြတ်ပေးသည့် အဓိကအချက်တစ်ခုဖြစ်လာပါသည်။ ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် စစ်တွေမြို့နှင့် မုန်တိုင်းကြောင့် အထိခိုက်ဆုံးဖြစ်သည့် ရသေ့တောင်မြို့တို့တွင် မည်သည့်အိမ်မှ အပျက်အစီး မလွတ်ခဲ့ပါ။ IDP စခန်းများနှင့် ခိုလှုံရာနေရာများရှိ နေအိမ်များအနက် ၈၅% ခန့်သည် လုံးဝပျက်စီးခဲ့သည်ဟု ယူဆရပါသည်။ အပြင်းထန်ဆုံး ထိခိုက်ခံရသူများအနက် များစွာတို့သည် ယခုအခါတွင် ယာယီခိုလှုံရာနေရာများ၊ ဘုန်းတော်ကြီးကျောင်းများ သို့မဟုတ် လဟာပြင်များ၌ပင် နေထိုင်နေကြရသည်။ မုန်တိုင်းဝင်ရောက်သည့် အချိန်မှစ၍ ဘေးဒဏ်ခံရသည့် ဇုန်တစ်ခုလုံးတွင် ကြီးမားသော အပျက်အစီးများကို ရှင်းလင်းရေးနှင့် ပြန်လည်

တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ဆောင်နေဆဲဖြစ်ပြီး၊ အထူးသဖြင့် ပြည်နယ်မြို့တော်ဖြစ်သည့် စစ်တွေမြို့တွင် ဒေသအာဏာပိုင်များက ဖုန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ဆောင်မှုများကို တဖြည်းဖြည်းချင်း ပြန်လည်ချိတ်ဆက်နိုင်ရန် ဆောင်ရွက်နေသည်။ စာသင်ကျောင်းများသည်လည်း ဆိုးရွားစွာ ထိခိုက်ခဲ့ပြီး၊ ဇွန်လတွင် စတင်မည့် စာသင်နှစ်အတွက် သင်ကြားရေးအဆောက်အဦများရရှိနိုင်ရန် ကြိုးစားနေဆဲဖြစ်သည်။ ကျန်းမာရေးဌာနများလည်း ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ပါသည်။

အနောက်မြောက်ပိုင်းတွင် ချင်း၊ စစ်ကိုင်းနှင့် မကွေးတို့ရှိ မြို့နယ် ၂၀ မြို့နယ်မှ ကျေးရွာနှင့် ရပ်ကွက်ပေါင်း ၁၅၀ ခန့်တွင် ပြင်းထန်သော ရေကြီးရေလျှံမှုများခံစားခဲ့ရပြီး၊ လူဦးရေ ၁၂၀၀၀၀ ခန့်အပေါ် သက်ရောက်ခဲ့သည်။ အခြေခံအဆောက်အဦများ ထိခိုက်ပျက်စီးခဲ့ရသည့်အပြင်၊ တိရစ္ဆာန်များ၊ သီးနှံများနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုများလည်း ရေနှင့်မျောပါသွားခဲ့သည်။ ရပ်ရွာပိုင်သင်ကြားရေးအဆောက်အဦ ၃၀၀၀ ကျော်တို့သည် အမိုးများလန်၍ နံရံများ ပြိုကျကာ၊ တစ်စိတ်တစ်ပိုင်း သို့မဟုတ် လုံးဝပျက်စီးခဲ့ရသည်။

မိုခါမုန်တိုင်းသည် ဘေးဒဏ်သင့်ဒေသများနှင့် ရပ်ရွာများအားလုံးတို့ရှိ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့အပေါ်တွင်လည်း ကြီးမားစွာ သက်ရောက်ခဲ့ပြီး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးသော ပိုင်ဆိုင်မှုများကို များစွာ ဆုံးရှုံးစေခဲ့သည်။ ထို့အပြင်၊ နှစ်ပေါင်း များစွာ ကြာမြင့်နေသည့် ပဋိပက္ခများ၊ နေရပ်စွန့်ခွာရမှုများ၊ နိုင်ငံမဲ့အခြေအနေများ၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စီးပွားရေး မတည်ငြိမ်မှုများကြောင့် ယခင်ကပင်ရှိနှင့်ပြီးဖြစ်သည့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကိုလည်း ပိုဆိုးစေခဲ့သည်။ မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် ဈေးများကိုပြန်လည်ဖွင့်လှစ်လာသော်လည်း၊ အခြေခံ အိမ်ဆောက်ပစ္စည်းများနှင့် အစားအစာဈေးနှုန်းများမှာ အလွန်မြင့်တက်နေပြီး၊ ယခင်ကပင် ဆင်းရဲနွမ်းပါးနေသည့် ပြည်သူများကို ပိုမိုဝန်ပိစေသည်။ ဒေသခံပြည်သူများသည် အပျက်အစီးများကို ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီး၊ ဖုန်းဆက်သွယ်ရေးလိုင်းများသည်လည်း တဖြည်းဖြည်းချင်း တည်ငြိမ်လာနေသည်။

သွားလာခွင့်ဆိုင်ရာ ပြဿနာများ၊ ဆက်လက်ဖြစ်ပွားနေဆဲ ပဋိပက္ခများနှင့် ဆက်သွယ်ရေးအခက်အခဲများရှိနေသော်လည်း၊ ဝင်ရောက်ကူညီခွင့်ရှိထားသည့် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် အကူအညီလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်နေပြီး၊ ရခိုင်၊ ချင်း၊ မကွေးနှင့် စစ်ကိုင်းတို့တွင်လည်းကောင်း၊ ကချင်ပြည်နယ်တွင်လည်းကောင်း ဘေးဒဏ်ခံပြည်သူများသို့ အရေးကြီးသော အသက်ကယ်ဆယ်ရေး အကူအညီများကို ထောက်ပံ့ပေးနေပါသည်။

## ရန်ပုံငွေ

မေလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ လူသားချင်းစာနာမှုအသိုင်းအဝိုင်းသည် ရခိုင်၊ ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် ကချင်တို့ရှိ ဘေးဒဏ်ခံပြည်သူ ၁.၆ သန်းအား အကူအညီများပေးအပ်နိုင်ရန် အမေရိကန်ဒေါ်လာ ၃၃၃ သန်းလိုအပ်သည့် အရေးပေါ်ရန်ပုံငွေအဆိုပြုလွှာ (Flash Appeal) ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ရန်ပုံငွေအဆိုပြုလွှာတွင် ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်၏ ဦးစားပေးလုပ်ငန်းများအတွက် တောင်းခံထားသည့် အမေရိကန်ဒေါ်လာ ၂၁၁ သန်းလည်းပါဝင်၍၊ ၎င်းကို ဘေးဒဏ်သင့်ဒေသများရှိ မုန်တိုင်းတုံ့ပြန်ရေး လုပ်ငန်းများအား ပံ့ပိုးကူညီရန် လွှဲပြောင်းအသုံးပြုသွားမည်ဖြစ်သည်။ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသူများအား ပံ့ပိုးကူညီမှု အသစ်များအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ ၁၂၂ သန်းကို တောင်းဆိုထားပါသည်။ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မုန်တိုင်းဒဏ်အပြင်းထန်ဆုံးခံစားခဲ့ရသည့် ဒေသများရှိ ထိခိုက်လွယ်သူများကို ထောက်ပံ့နိုင်ရန်အတွက် ရန်ပုံငွေအမြန်ဆုံးရရှိရေးသည် အရေးကြီးပါသည်။ အကူအညီပေးရန် ရည်မှန်းထားသည့် လူဦးရေအနက် တစ်သန်းကျော်မှာ အပြင်းထန်ဆုံးထိခိုက်ခံရသည့် ရခိုင်ပြည်နယ်တွင်ဖြစ်သည်။ မုတ်သုန်ရာသီစတင်ဝင်ရောက်နေပြီဖြစ်သည့်အတွက် ရန်ပုံငွေများအား သဘောထားကြီးစွာဖြင့် လျင်မြန်စွာ ထောက်ပံ့ပေးရန် အလှူရှင်များအား တိုက်တွန်းထားပါသည်။ အလားတူအရေးကြီးသည်မှာ ကြိုတင်မှန်းဆနိုင်ပြီး၊ အတားအဆီးကင်းသော ဝင်ရောက်ကူညီခွင့်ရရှိရေးဖြစ်ပြီး၊ သို့မှသာ ထိခိုက်ခံရသော လူမှုအသိုင်းအဝိုင်းများသို့ အရေးကြီး အသက်ကယ်ပစ္စည်းများကို လျင်မြန်စွာ ပေးပို့နိုင်မည်ဖြစ်သည်။ လူသားချင်းစာနာမှုဆိုင်ရာ ကူညီပေးသူများသည် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ သိုလှောင်ရုံများမှ ကယ်ဆယ်ရေးပစ္စည်းများကို အသုံးပြုနေပြီး၊ နိုင်ငံပြင်မှ ထပ်မံတင်သွင်းလာမည့် လူသားချင်းစာနာရေးအကူအညီပစ္စည်းများအတွက် ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေဆဲဖြစ်သည်။

# လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်လုပ်ငန်းများ

## အရေးပေါ်အခြေအနေတွင် ပညာသင်ကြားရေး

### လိုအပ်ချက်များ

- ပညာရေးကဏ္ဍစုသည် မုန်တိုင်းဒဏ်ခံရသည့် လူဦးရေ ၅၀၂၀၀၀ ဦး၏ ပညာရေးဝန်ဆောင်မှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၂၈.၆ သန်း လိုအပ်ပါသည်။ ဤပမာဏတွင် ၂၀၂၃ ခုနှစ်၊ မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် (HRP) အရ ကူညီပေးရန် ယခင်က သတ်မှတ်ထားသည့် လူဦးရေ ၃၃၉၀၀၀ ဦးအတွက် အကူအညီများနှင့် မုန်တိုင်းကြောင့် ထိခိုက်ခံရသည့် လူဦးရေ ၁၆၃၀၀၀ ဦးအတွက် ထပ်တိုးအကူအညီများပါဝင်သည်။
- အစိုးရကျောင်းများနှင့် အလွတ်ပညာသင်နေရာများအပါအဝင် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများသည် မိုခါမုန်တိုင်းကြောင့် ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ရသည်။ ကျောင်းစာသင်နှစ်စတင်ရန် ရက်အနည်းငယ်သာလိုတော့သည့်အချိန်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်မှ အခြေခံပညာကျောင်း ၁၃၈၀ ကျော်သည် ကြီးမားသော ထိခိုက်မှုများကြုံတွေ့ခဲ့ရပြီး၊ IDP စခန်း/ခိုလှုံရာနေရာများရှိ ယာယီသင်ကြားရေးနေရာများအားလုံးနီးပါးသည်လည်း ပျက်စီးခဲ့ရသည်။
- အနောက်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသတို့တွင်လည်း ကျောင်းအဆောက်အဦများနှင့် ပစ္စည်းများ ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့သည်။ ရောက်ရှိလာတော့မည့် ကျောင်းစာသင်နှစ်အသစ်နှင့်အညီ၊ ပညာသင်ကြားမှု ပြန်လည်ပြုလုပ်နိုင်ရေးအတွက် အခြေခံအဆောက်အဦများအား ပြင်ဆင်မွမ်းမံမှုများပြုလုပ်ရန် အရေးတကြီးလိုအပ်နေပါသည်။

### တုံ့ပြန်လုပ်ငန်းများ

- ကဏ္ဍစု၏ မိတ်ဖက်အဖွဲ့များသည် ဘေးဒဏ်ခံဒေသများတွင် ထိခိုက်ပျက်စီးမှုအခြေအနေကို အကဲဖြတ်ရန်အတွက် ကွင်းဆင်းလေ့လာရေး လုပ်ငန်းများကို ဆောင်ရွက်နေကြသည်။
- ရခိုင်ပြည်နယ်တွင် ပြောင်းလွယ်ပြင်လွယ်သင်ကြားရေး (open learning) အတွက် ပစ္စည်းများကို ထောက်ပံ့ပေးနေပြီး၊ ကလေးငယ်များအတွက် ကာလတိုအကြိုသင်တန်းများ (catch-up classes) ကို စီစဉ်ပေးနေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် ပညာရေးအဆောက်အဦများ၏ ထိခိုက်ပျက်စီးမှုများအား လေ့လာဆန်းစစ်ခြင်းနှင့် ဝန်ဆောင်မှုများအား လျင်မြန်စွာ ပြန်လည်ပေးအပ်နိုင်ရေးအတွက် မဟာဗျူဟာရေးဆွဲခြင်းလုပ်ငန်းများကို ဦးတည်ဆောင်ရွက်နေသည်။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပညာရေးကဏ္ဍစုနှင့် ဒေသခံမိတ်ဖက်အဖွဲ့များပူးပေါင်း၍ ပညာရေးအခြေခံအဆောက်အဦများအား ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်နေဆဲဖြစ်သည်။

### ကွာဟချက်များနှင့် အကန့်အသတ်များ

- လိုအပ်ချက်အားလုံးအတွက် ကုန်ကျစရိတ်ကို တိကျစွာခန့်မှန်းရန်သည် စိန်ခေါ်မှုဖြစ်နေပါသည်။ အာဏာပိုင်များထံမှ ခရီးသွားခွင့်နှင့် အခြားလိုအပ်သော ခွင့်ပြုချက်များ မရှိခြင်းကဲ့သို့သော ကြိုးနီစနစ်အတားအဆီးများနှင့်  အချို့ဒေသများသို့ သွားလာရေး အကန့်အသတ်ရှိခြင်းတို့ကြောင့် လူသားချင်းစာနာမှုအကူအညီများအား ဖြန့်ဝေပေးရာတွင် အဟန့်အတားဖြစ်စေပါသည်။
- မုန်တိုင်းကြောင့် ထိခိုက်ခံရသည့်ဒေသများတွင် များပြားလှသော အပျက်အစီးပုံများက ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်နေဆဲ ဖြစ်ပြီး၊ ကျောင်းများအား ပြန်လည်ပြင်ဆင်၍ ပြန်ဖွင့်ရန်ကြိုးစားမှုကို နှေးကွေးစေသည်။ အချို့ဒေသများတွင် ရေကြီးရေလျှံနေခြင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများကဲ့သို့သော ထပ်တိုးအန္တရာယ်များကြောင့် ဤပြဿနာကို ပိုဆိုးစေပါသည်။

## စားနပ်ရိက္ခာဖူလုံရေး

### လိုအပ်ချက်များ

- စားနပ်ရိက္ခာဖူလုံရေးကဏ္ဍစုသည် မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများအတွက် လူဦးရေတစ်သန်းကို ရည်မှန်းကူညီရန် အမေ ရိကန်ဒေါ်လာ ၇၄.၆ သန်း လိုအပ်ပါသည်။ ဤပမာဏတွင် ဆိုကလုန်းမိုခါမဝင်ရောက်မီကပင် စားနပ်ရိက္ခာအကူအညီအပေါ် မှီခိုနေကြရသည့် နေရပ်စွန့်ခွာရသူများနှင့် အလွန်အမင်းထိခိုက်လွယ်သူ ၃၆၀၀၀၀ ဦးပါဝင်သည်။ အခြားသူများမှာ ထပ်တိုးအကူအညီများကို လိုအပ်နေသူ နောက်ထပ် ၁၀၀၀၀ ဦးနှင့် မုန်တိုင်းကြောင့် ဆိုးရွားသောစားနပ်ရိက္ခာအခက်အခဲကြုံတွေ့နိုင်ခြေရှိကာ ဝင်ငွေရနိုင်သည့်

အလုပ်အကိုင် သို့မဟုတ် အခြား အခွင့်အလမ်းများကို ရရှိရန် အကန့်အသတ်ရှိနေသည့် အဆိုးရွားဆုံးထိခိုက်ခံရသော ဒေသများမှ လူဦးရေ ၅၀၀၀၀၀ ဦးတို့ဖြစ်ကြသည်။

- ရခိုင်ပြည်နယ်တွင် မုန်တိုင်းကြောင့် ထိခိုက်မှုများကို တိုင်းတာရန်နှင့် အကူအညီပေးရန် လိုအပ်ချက်များကို သတ်မှတ်နိုင်ရန်အတွက် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၏ မိတ်ဖက်အဖွဲ့များသည် စစ်တွေမြို့မှ ကျေးရွာ ၂၇ ရွာနှင့် ဘူးသီးတောင်မြို့မှ ကျေးရွာ ၃ ရွာတို့တွင် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။
- WFP အဖွဲ့တစ်ဖွဲ့တည်းကပင် ထိခိုက်လွယ်ပြည်သူများနှင့် မုန်တိုင်းကြောင့် ထိခိုက်ခံရသူ ၈၀၀၀၀၀ ဦးကို ကူညီမည့် တုံ့ပြန်ရေး လုပ်ငန်း၏ ပထမလအတွက် ဆန် ၈၅၀၀ တန်နှင့် အမေရိကန်ဒေါ်လာ ၁.၅ သန်းခန့် လိုအပ်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ထောက်ပံ့မည့် စားနပ်ရိက္ခာခွဲတမ်းတွင် ပါဝင်မည့်ပစ္စည်းများနှင့် ထောက်ပံ့မည့်အစီအစဉ်တို့ကို နောက်လများတွင် တင်ပြမည်ဖြစ်သည်။
- ဂြိုဟ်တုဓါတ်ပုံအခြေခံသည့် တွေ့ရှိချက်များအရ  ရေကြီးရေလျှံမှုများကြောင့် စိုက်ပျိုးမြေ ၃၂၇၀၀၀ ဟက်တာခန့်သည် အနည်းနှင့် အများ ထိခိုက်ပျက်စီးနိုင်ဖွယ်ရှိကြောင်း FAO အဖွဲ့က ခန့်မှန်းထားသည်။ မေလ ၁၆ ရက်အထိ အခြေအနေအရ၊ သီးနှံစိုက်ဧရိယာ အများဆုံးပျက်စီးမှုများကို ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တွေ့ရှိရသည်။ ထို့ကြောင့် ယခင်ကပင် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာအခက်ခဲဆုံးအစိတ်အပိုင်းများတွင် ပါဝင်ခဲ့သည့် ရခိုင်ပြည်နယ်တွင် စားနပ်ရိက္ခာ ဖူလုံရေးအပေါ် သက်ရောက်မှုများ ရှိလာနိုင်ပါသည်။
- ရေလုပ်ငန်းကဏ္ဍသည်လည်း ပြင်းထန်စွာထိခိုက်ခဲ့သည်။ စစ်တွေရှိ ကမ်းရိုးတန်းဒေသများသည် ဆိုးရွားစွာ သက်ရောက်ခံခဲ့ရပြီး၊ အနည်းဆုံးအားဖြင့် ငါးဖမ်းပစ္စည်းများအားလုံး၏ ထက်ဝက်နီးပါး (ထုတ်လုပ်မှုစွမ်းအား၏ ၅၀% ခန့်) သည် လုံးဝပျက်စီး သို့မဟုတ် ထိခိုက်ခဲ့ကြောင်း FAO အဖွဲ့က ခန့်မှန်းထားသည်။ ငါးဖမ်းလုပ်ငန်းသည် ရခိုင်ပြည်နယ်၏ အဓိကအသက်မွေးဝမ်းကျောင်း ဇာစ်မြစ်တစ်ခုဖြစ်ပြီး၊ ငါးအမျိုးမျိုးတို့သည်လည်း ဒေသတွင်း စားသုံးမှုများတွင် မရှိမဖြစ်ပါဝင်သော အသားဓါတ်များဖြစ်ကြသည်။ အပေါ်ယံမြေဆီလွှာတိုက်စားခံရခြင်းကြောင့် ကမ်းရိုးတန်းနှင့် မြစ်ဝနေရာများတွင် ရေနောက်ကျိမှုတိုးလာခြင်းသည် အောက်ဆီဂျင် ချို့တဲ့မှုဖြစ်စေပြီး၊ ငါးအရေအတွက်ကို ချက်ချင်း လျော့ကျစေနိုင်ဖွယ်ရှိသည်။
- ကချင်ပြည်နယ်ရှိ အထိခိုက်ခံရဆုံးသော နေရာများတွင် IDP စခန်း ၇ ခုပါဝင်ပြီး၊ ယင်းနေရာများရှိ လူများသည် အထူးသဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ထိခိုက်လွယ်ကြသည်။

**တုံ့ပြန်လုပ်ငန်းများ**

- မိုခါမုန်တိုင်းပြီးနောက် ပထမဆုံး ၁၀ ရက်အတွင်း ဆောင်ရွက်ခဲ့သည့် အရေးပေါ်အခြေအနေတုံ့ပြန်ရေးလုပ်ငန်းများတွင်၊ WFP အဖွဲ့သည် ရခိုင်ပြည်နယ်တစ်ခုတည်းတွင်ပင် စားနပ်ရိက္ခာအကူအညီလိုအပ်နေသည့် လူဦးရေ ၁၀၇၀၀၀ ကျော်သို့ အကူအညီများဖြန့်ကြက်ပေးအပ်နိုင်ခဲ့သည်။ ဤအကူအညီများတွင် မုန်တိုင်းဒဏ်ခံရသူ ၅၀၀၀၀ နီးပါးပါဝင်ပြီး၊ ၎င်းတို့အနက် ထက်ဝက်ခန့်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာ ၆၀ တွင် နေထိုင်ကြသည်။ ထို့အတူပင် မုန်တိုင်းကြောင့် သက်ရောက်ခံခဲ့ရသူ ၅၇၀၀၀ ဦးသို့လည်း ပုံမှန်ကယ်ဆယ်ရေးအကူအညီများ ပေးအပ်နိုင်ခဲ့သည်။
- ရခိုင်ပြည်နယ်တွင် မုန်တိုင်းဝင်ရောက်ချိန်မှစ၍ စားနပ်ရိက္ခာ အခက်အခဲရှိနေသော ပြည်သူများသို့ ဆန်နှင့် အခြားစားသောက် ကုန်ပစ္စည်း စုစုပေါင်း တန် ၂၀၀၀ ကျော်နှင့် စွမ်းအားမြှင့်ဘီစကွတ် ၁၁၁ တန်တို့ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။
- စစ်တွေမြို့တွင် ပစ္စည်းအကူအညီအပြင် ထပ်တိုးပေးအပ်မည့် ငွေကြေးအကူအညီ၏ ပမာဏကို ဆုံးဖြတ်နိုင်ရန်အတွက် လာမည့်အပတ်များအတွင်း ဈေးကွက်လေ့လာဆန်းစစ်မှုကို ဆောင်ရွက်ပါမည်။ မုန်တိုင်းဝင်ရောက်ချိန်မှစ၍ ဈေးနှုန်းများ မြင့်တက်လာခြင်းကိုလည်း ဤတွက်ချက်မှုတွင် အရေးကြီးသော အချက်တစ်ချက်အဖြစ် ထည့်သွင်းစဉ်းစားပါလိမ့်မည်။
- ဖြန့်ဝေပေးမည့် ဆန်များကို ရန်ကုန်မှ စစ်တွေသို့ ပုံမှန်ပေးပို့နေပြီး၊ လာမည့်ရက်အနည်းငယ်အတွင်း စစ်တွေမြို့သို့ ဆန်တန်ချိန် ၇၀၀၀ ခန့် ရောက်ရှိပါမည်။
- ကချင်ပြည်နယ်တွင် လူသားချင်းစာနာရေးမိတ်ဖက်အဖွဲ့များက ဝိုင်းမော်နှင့် မန်စီမြို့နယ်များရှိ ဘေးဒဏ်ခံပြည်သူများသို့ ကနဦး စားနပ်ရိက္ခာအကူအညီများကို ထောက်ပံ့ပေးခဲ့သည်။ စားနပ်ရိက္ခာဝယ်ယူရန် ငွေကြေးများကိုလည်း ကျေးရွာ ၂ ရွာရှိ မုန်တိုင်းဒဏ်ခံ အိမ်ထောင်စု ၅၀ သို့ ထောက်ပံ့ပေးခဲ့သည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ခရီးသွားလာခွင့်မရှိခြင်းကြောင့် စားနပ်ရိက္ခာအကူအညီလိုအပ်နေသည့် လူဦးရေ ၈၀၀၀ ဦးထံသို့ အကူအညီများ မရောက်ရှိနိုင်သေးပါ။ ထိုလူများအတွက်  ဧပြီလတွင် နှစ်လစာရိက္ခာခွဲတမ်းထောက်ပံ့ထားပြီးဖြစ်သော်လည်း၊ ဖြစ်နိုင်သမျှ အမြန်ဆုံးသွားရောက်ကူညီရန် အရေးကြီးနေသည်။
- မုန်တိုင်းကြောင့် သိုလှောင်ရုံများစွာတို့လည်း ထိခိုက်ပျက်စီးခဲ့ရသည်။ ယင်းသိုလှောင်ရုံများအား ပြင်ဆင်ရန် ပစ္စည်းများကို ဒေသတွင်းတွင် မရရှိနိုင်သည့်အတွက် အကူအညီပေးမည့်ပစ္စည်းများအား သင့်တော်စွာ စုစည်းသိုလှောင်ထားရန် ခက်ခဲနေသည်။
- မုန်တိုင်းကြောင့် အထိခိုက်ခံရဆုံးဒေသများတွင် ကုန်ပစ္စည်းများနှင့် အခြားဝန်ဆောင်မှုများ၏ ဈေးနှုန်းများသည် နှစ်ဆ သို့မဟုတ် သုံးဆအထိ မြင့်တက်လာသည်။ မုန်တိုင်းမဝင်ရောက်မီက ချုပ်ဆိုထားသည့် သယ်ယူပို့ဆောင်ရေးကန်ထရိုက်စာချုပ်များကို ပြန်လည်ညှိနှိုင်းနေရသည်။
- ဒေသခံ CSOs အဖွဲ့များသည် စစ်ဆေးရေးဂိတ်များတွင် စိစစ်မှုများစွာ ကြုံတွေ့နေရသဖြင့် အကူအညီဖြန့်ဝေပေးနိုင်စွမ်းကို အကန့်အသတ် ဖြစ်စေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် ဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများ မရရှိနိုင်သေးသဖြင့် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှု အပြည့်အစုံနှင့် ထွက်ပေါ်လာနေသော လိုအပ်ချက်အသစ်များကို သိရှိနိုင်ရန် ဒေသခံမိတ်ဖက်အဖွဲ့များသို့ ဆက်သွယ်ရာတွင် ခက်ခဲနေပါသည်။

## ကျန်းမာရေး

### လိုအပ်ချက်များ

- ကျန်းမာရေးကဏ္ဍစုသည် မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် လူဦးရေ ၄၂၉၀၀၀ ဦးသို့ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အခြေခံ ဝန်ဆောင်မှုများပေးအပ်ခြင်း၊[1] ဖြည့်စွက်ဝန်ဆောင်မှုများပေးအပ်ခြင်း၊ ကပ်ရောဂါအသွင်ဖြစ်ပွားလေ့ရှိသော ရောဂါများကို  စောစီးစွာ ထောက်လှမ်းခြင်းနှင့် အချိန်နှင့်တပြေးညီ တုံ့ပြန်ခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၂၁.၁ သန်း လိုအပ်ပါသည်။ ဤအကူအညီတွင် ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံချက်အရ လိုအပ်မှုရှိသည်ဟု ယခင်က သတ်မှတ်ထားသော လူဦးရေ ၂၅၂၀၀၀ ဦးနှင့် မုန်တိုင်းဒဏ်ခံရသည့် ထပ်တိုးလူဦးရေ ၁၇၇၀၀၀ ဦးတို့ပါဝင်သည်။ ကျန်းမာရေး ကဏ္ဍစုသည် ဘေးဒဏ်ခံပြည်သူများ၏ လိုအပ်ချက်များနှင့်အညီ ထိခိုက်/ပျက်စီးသွားသော ကျန်းမာရေးအဆောက်အဦများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုများအား ပြန်လည်ပေးအပ်နိုင်ရန် ကူညီသွားပါမည်။ ပစ္စည်းပြတ်လပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများကို ဖြေရှင်းရန်အတွက် ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ငွေကြေး အကူအညီများကို ကျန်းမာရေးဌာနများနှင့် အကူအညီလိုအပ်နေသူများသို့ ထောက်ပံ့ပေးသွားပါမည်။
- ကနဦး ကွင်းဆင်းလေ့လာချက်များအရ ရခိုင်ပြည်နယ်ရှိ အထိခိုက်ခံရဆုံးဒေသများတွင် မြို့နယ်ဆေးရုံအဆောက်အဦအားလုံး၏ ထက်ဝက်ခန့် ပျက်စီးခဲ့သော်လည်း ယခုအခါတွင် အပြည့်အဝလုပ်ငန်းလည်ပတ်နေပြီဖြစ်သည်။ IDP စခန်းများတွင် ဆေးခန်း ၉ ခု ပျက်စီးခဲ့ပြီး ဆေးခန်းတစ်ခန်း ထိခိုက်မှု ရှိခဲ့သည်။
- အနောက်မြောက်ဒေသတွင် ချင်းပြည်နယ်ရှိ ကျေးလက်ကျန်းမာရေးဌာန ၈ ခုနှင့် မကွေးတိုင်းဒေသကြီးရှိ ကျေးလက်ကျန်းမာရေးဌာန တစ်ခု ပျက်စီးခဲ့ကြောင်း ကနဦး ကွင်းဆင်းသတင်းများအရ သိရသည်။
- ကချင်ပြည်နယ်တွင် ဝိုင်းမော်မြို့နယ်ရှိ IDP စခန်း ဆေးခန်းတစ်ခုနှင့် မန်စီမြို့နယ်ရှိ ရပ်ရွာဆေးခန်းတစ်ခုတို့သည် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သော်လည်း လုပ်ငန်းလည်ပတ်နေဆဲဖြစ်သည်။

### တုံ့ပြန်လုပ်ငန်းများ

- ကျန်းမာရေးကဏ္ဍစု၏ မိတ်ဖက်အဖွဲ့အစည်းများသည် ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်ခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မိတ်ဖက်အဖွဲ့များသည် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် ရွေ့လျားအဖွဲ့များနှင့် လျင်မြန်စွာ တုန့်ပြန်ရေး

[1] မိခင်နှင့်  ကလေးကျန်းမာရေး၊ ဆယ်ကျော်သက်အရွယ်ကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေး (SRH)၊ စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုပိုင်းဆိုင်ရာအထောက်အပံ့ (MHPSS) တို့ ပါဝင်ပြီး၊ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ မကူးစက်တတ်သည့် ရောဂါများနှင့် အခြားရောဂါများအတွက် အသက်ကယ်ဆယ်ရေး ကုသမှု၊ ကျန်းမာရေးနှင့်ဆက်စပ်သည့် ကျားမအခြေပြုအကြမ်းဖက်မှု (GBV) ဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခြင်းဖြစ်သည်။

ပူးပေါင်းအဖွဲ့များဖြင့် လိင်ပိုင်းဆိုင်ရာကျန်းမာရေး၊ မိခင်နှင့်ကလေးကျန်းမာရေးအပါအဝင် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည်။

- ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးတို့တွင် အရေးပေါ်လူနာ လွှဲပြောင်းပေးရေးအကူအညီများကို စဉ်ဆက်မပြတ်ပေးအပ်နေသည်။
- မေလ ၁၉ ရက်မှ ၂၄ ရက်အတွင်း ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသနှင့် ကချင်ပြည်နယ်ရှိ အထိခိုက်ခံရဆုံးမြို့နယ်များတွင် ဆေးကုသဆွေးနွေးမှု ၁၇၃၆ ခု ပြုလုပ်ခဲ့သည်။ ၎င်းတို့တွင် အရေးပေါ်နှင့် ခွဲစိတ်မှု စောင့်ရှောက်ရန်လိုအပ်သည့် လူနာ ၉၃၃ ဦးနှင့် အထောက်အကူဖြင့် မီးဖွားမှု နှစ်ခု ပါဝင်ခဲ့သည်။
- ကျန်းမာရေးကဏ္ဍစုသည် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ဘေးဒဏ်ခံ ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခုမှ ကျန်းမာရေး မိတ်ဖက်အဖွဲ့များအား မိုခါမုန်တိုင်းတုံ့ပြန်လုပ်ငန်းများကို အစီရင်ခံခြင်းဆိုင်ရာ သင်တန်းပို့ချပေးခဲ့သည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ကျန်းမာရေးကဏ္ဍစု၏ မိတ်ဖက်အဖွဲ့များအား ရခိုင်ပြည်နယ်တွင် ဝင်ရောက်ကူညီရန် ခွင့်ပြုချက်ပေးရာတွင် ကြန့်ကြာမှုများကြောင့် ပြည်နယ်တစ်ခုလုံးရှိ ကျန်းမာရေးအကူအညီလုပ်ငန်းများကို အကန့်အသတ်ဖြစ်စေခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင် လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်း၊ စစ်ဆေးရေးဂိတ်များ ရှိနေခြင်းနှင့် လမ်းပိတ်ဆို့မှုများသည် လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်ရရှိရေးနှင့် တုံ့ပြန်လုပ်ငန်းများအတွက် အဓိကစိန်ခေါ်မှုတစ်ခု အဖြစ်ဆက်လက်ရှိနေဆဲဖြစ်သည်။

## အာဟာရ

**လိုအပ်ချက်များ**

- အာဟာရကဏ္ဍစုသည် မုန်တိုင်းကြောင့် ထိခိုက်ခံရသည့် လူဦးရေ ၁၀၄၀၀၀ ဦးအတွက် အာဟာရဆိုင်ရာ ဝန်ဆောင်မှုများကို ဦးစားပေးဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၂.၇ သန်း လိုအပ်ပါသည်။ ဤလျာထားချက်သည် ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံချက် (HRP) အရ အကူအညီလိုအပ်သည်ဟု ယခင်က သတ်မှတ်ထားသော လူဦးရေ အားလုံးအတွက်ဖြစ်သော်လည်း၊ ၎င်းတို့အနက် ၄၁၀၀၀ ဦးသည် ယခုအခါတွင် မုန်တိုင်းကြောင့် အဆင့်မြှင့်တင်ထားသော သို့မဟုတ် ထပ်တိုးအကူအညီများကို လိုအပ်နေပါသည်။
- ရခိုင်ပြည်နယ်တွင် ကွင်းဆင်းလေ့လာမှုများအရ၊ မွေးကင်းစကလေးနှင့် ကလေးငယ်များအား အရေးပေါ်အခြေအနေတွင် ပြုစုကျွေးမွေးခြင်း (IYCF-E) အကူအညီပေးရန် လိုအပ်သည့် ဖြစ်ရပ် ၆ ခုကို တွေ့ရှိထားသည်။
- အထူးသဖြင့် စစ်တွေနှင့် ကျောက်တော်မြို့နယ်တို့တွင် အာဟာရချို့တဲ့မှု ကုသရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်နိုင်မည့် ဘေးကင်းလုံခြုံသော နေရာများကို အလျင်အမြန်လိုအပ်နေသည်။ မိတ်ဖက်အဖွဲ့များနှင့် ရပ်ရွာလူထုတို့က အာဟာရဆိုင်ရာ ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်အတွက် ယာယီတဲ ၃၀ လုံး (စစ်တွေတွင် ၂၀ လုံးနှင့် ကျောက်တော်တွင် ၁၀ လုံး) လိုအပ်မည်ဟု အာဟာရကဏ္ဍစုက ခန့်မှန်းထားသည်။

**တုံ့ပြန်လုပ်ငန်းများ**

- အာဟာရကဏ္ဍစုသည် မွေးကင်းစကလေးနှင့် ကလေးငယ်များအား အရေးပေါ်အခြေအနေတွင် ပြုစုကျွေးမွေးခြင်း (IYCF-E)အတွက် လုပ်ငန်းလမ်းညွှန် (SOG) ကို အထူးသဖြင့် မုန်တိုင်းဒဏ်ခံဒေသများတွင် လုပ်ငန်းဆောင်ရွက်နေသော မိတ်ဖက်များအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများသို့ ဖြန့်ဝေထားပြီး၊ IYCF-E လုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် အကြံပြုချက်များ ထောက်ပံ့ပေးခဲ့သည်။
- ရခိုင်ပြည်နယ်တွင် ဆက်သွယ်သွားလာခွင့်ရရှိထားသည့် အာဟာရကဏ္ဍစု၏ မိတ်ဖက်အဖွဲ့များက အောက်ပါတုံ့ပြန်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည် -
    - စစ်တွေမြို့နယ်တွင် ရိုဟင်ဂျာစခန်း ၂ ခုနှင့် မြို့ပေါ်ရှိ ပြုစုကုသရေးဌာန ၇ ခုအနက် ၂ ခုကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ကလေးသူငယ်များအပါအဝင် စုစုပေါင်းလူဦးရေ ၇၃၀ ဦးတို့က အာဟာရချို့တဲ့မှု ကုသရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှု များကို ရရှိခဲ့ကြသည်။ ဤဝန်ဆောင်မှုများတွင် မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် အနည်းလိုအာဟာရဓါတ်များ အားဖြည့်ပေးခြင်းတို့လည်း ပါဝင်သည်။

  - စစ်တွေမြို့နယ်ရှိ ရိုဟင်ဂျာ IDP စခန်းတစ်ခုတွင် ပြုစုကုသရေးဌာန ၇ ခုအနက် တစ်ခုကို လုပ်ငန်းပြန်လည်ပတ်နိုင်ခဲ့သည်။ အာဟာရချို့တဲ့နေသည့် ကလေးသူငယ် ၂၀ ဦးတို့က အာဟာရချို့တဲ့မှု ကုသရေးနှင့် တိုင်ပင်ဆွေးနွေးရေး ဝန်ဆောင်မှုများကို ရရှိခဲ့သည်။
  - အခြေအနေအလိုက် သီးသန့်ဆောင်ရွက်မည့် တုံ့ပြန်ရေးစီမံချက်တစ်ခုဖြင့် အာဟာရဆိုင်ရာ အကူအညီများ ပိုမိုပေးအပ်နိုင်ရေးအတွက် နေရာ ၁၈၀ ကျော်ကို လျာထားသတ်မှတ်ထားပြီးဖြစ်သည်။ လုပ်ငန်းနေရာထပ်နေမှုများကို လျှော့ချရန်အတွက် အသေးစိတ်ဆွေးနွေးနေဆဲဖြစ်သည်။
  - မိတ်ဖက်အဖွဲ့များသည် ပေါက်တောမြို့နယ်၊ အနောက်ရွဲ IDP စခန်းရှိ လူ ၅၀ ဦးကို အာဟာရအကူအညီများ ထောက်ပံ့ပေးခဲ့သည်။ ရေကြောင့်ဖြစ်သော ရောဂါများသည် အာဟာရချို့တဲ့မှုအပေါ် ကြီးမားသော သက်ရောက်မှု ရှိနိုင်သောကြောင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ရေကြောင့်ဖြစ်သော ရောဂါများအကြောင်းကို IDPs များသို့ ဒေသခံဘာသာစကားဖြင့် ဖြန့်ဝေပေးခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင် စီမံချက်ရေးဆွဲရေးရည်ရွယ်ချက်အတွက် ကွင်းဆင်းလေ့လာမှုများနှင့် မိတ်ဖက်အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများကို ပြုလုပ်နေသည်။ မြေပြင်တွင် လုံခြုံရေးနှင့် သွားလာရေးဆိုင်ရာ စိန်ခေါ်မှုများရှိနေသော်လည်း တုံ့ပြန်လုပ်ငန်းအချို့ကို စတင်နေပြီဖြစ်သည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ကြိုးနီစနစ်ကြောင့် နှောင့်နှေးမှုများနှင့် ဝင်ရောက်ကူညီရန် ခွင့်ပြုချက် မရှိခြင်းတို့ကြောင့် အာဟာရကဏ္ဍစုသည် IYCF-E လုပ်ငန်းလမ်းညွှန်အရ မိခင်နို့မတိုက်နိုင်သည့် ကလေးငယ်များအား အကူအညီပေးရေးအစီအစဉ်ကို အထောက်အကူပြုရန် မွေးကင်းစကလေးငယ် နို့တိုက်ပစ္စည်းများထောက်ပံ့ခြင်းအတွက် IYCF လိုအပ်ချက်များကို အပြည့်အဝတွက်ချက်သတ်မှတ်နိုင်စွမ်းမရှိခဲ့ပါ။
- မိခင်နို့အစားထိုးတိုက်ကျွေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များအား ပြန်လည်သုံးသပ်၍ ဖြန့်ဝေနိုင်ရန် ဝင်ရောက်ကူညီရေး ခွင့်ပြုချက်အတွက် အားကောင်းသော တိုက်တွန်းလှုံ့ဆော်မှုကို စဉ်ဆက်မပြတ်ပြုလုပ်နေရန် လိုအပ်ပါသည်။

## ကာကွယ်စောင့်ရှောက်မှုပေးရေး

**လိုအပ်ချက်များ**

- ကာကွယ်စောင့်ရှောက်မှုပေးရေးကဏ္ဍစုသည် မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်း၏ အစိတ်အပိုင်းအဖြစ် လူဦးရေ ၁.၂ သန်းကို အကူအညီနှင့်ဝန်ဆောင်မှုများပေးရန် အမေရိကန်ဒေါ်လာ ၆၇.၉ သန်းလိုအပ်ပါသည်။ ဤလူဦးရေတွင် ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံချက် (HRP) အရ ယခင်က လျာထားသည့် လူဦးရေ ၈၀၀၀၀၀ ဦးနှင့် မုန်တိုင်းကြောင့် ထိခိုက်လွယ်ခဲ့သည့် ထပ်တိုးလူဦးရေ ၃၅၁၀၀၀ ဦးတို့ ပါဝင်သည်။
- လူများက ပိုမိုဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းသွားလာနေကြပြီး၊ ရေကြီးရေလျှံစဉ်နှင့် မြေပြိုမှုများအတွင်း မြေမြှုပ်မိုင်းများ နေရာရွှေ့သွားနိုင်ခြင်းကြောင့် ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် ကျေးလက်ဒေသများတွင် မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ၏ အန္တရာယ် ပိုရှိလာပြီး၊ ပြည်သူများအတွက်လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်းကောင်း ခြိမ်းခြောက်မှုများကို ဖန်တီးနေသည်။ မုန်တိုင်းနောက်ပိုင်းတွင် ရပ်ရွာလူထုက မြေမြှုပ်မိုင်းများနှင့် IEDs များအား တွေ့ရှိရကြောင်း မိတ်ဖက်အဖွဲ့များက သတင်းပို့ခဲ့သည်။ (မြေမြှုပ်မိုင်းအထောက်အထားများဖြင့်) မိုင်းအန္တရာယ်မြင့်မားကြောင်း အစီရင်ခံတင်ပြထားသော ကျေးရွာများ၏ ထက်ဝက်နီးပါးသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၂၀ ကီလိုမီတာထက်ကျော်လွန်သော မုန်တိုင်းအပြင်းထန်ဆုံးဧရိယာအတွင်းတွင် ရှိကြသည်။
- ရခိုင်ပြည်နယ်တွင် ချက်ချင်း အာရုံစိုက်ဆောင်ရွက်ရန် လိုအပ်သော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ တိုးလာရာ၊ ယင်းတို့တွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများ၊ နိုင်ငံသားဆိုင်ရာစာရွက်စာတမ်းများ ဆုံးရှုံးခြင်း၊ လုယက်ခြင်း၊ ဓါးပြတိုက်ခြင်း၊ ခြိမ်းခြောက်ငွေတောင်းခြင်းတို့ ပါဝင်ကြသည်။
- မုန်တိုင်းကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကဲ့သို့သော စာရွက်စာတမ်းဆုံးရှုံးခဲ့ရသူများအား စာရွက်စာတမ်းအသစ်များ ပြန်လည်ရရှိနိုင်စေရေးအတွက် ကူညီပေးရန် ဥပဒေရေးရာ အကူအညီလိုအပ်နေပါသည်။ အိမ်ထောင်စုစာရင်းတွင် ထည့်သွင်းရန်

လျှောက်ထားပါက မြန်မာကျပ်ငွေ ၂၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၉၅) ကျော် ကုန်ကျနေသည်။ လက်ရှိတွင် ဥပဒေရေးရာ မိတ်ဖက်အဖွဲ့များက အမှုလိုက်ပါဆောင်ရွက်ပေးရမည့် ဘေးဒဏ်ခံလူအရေအတွက်ကို သတ်မှတ်ဖော်ထုတ်နေသည်။

- အထူးသဖြင့် ကလေးသူငယ်များအတွက် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်းနှင့် စိတ်အပန်းဖြေရေးလုပ်ငန်းများအပါအဝင် စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ အထောက်အပံ့ (MHPSS) များကို အလျင်အမြန်လိုအပ်နေသည်။ ကွင်းဆင်းလေ့လာမှုများအရ၊ မုန်တိုင်းဒဏ်ခံရသည့် အမျိုးသမီးများနှင့် မိန်းကလေးများတွင် စိတ်ဒဏ်ရာရရှိမှု လက္ခဏာများရှိနေကြပြီး၊ မိသားစုများသည် မုန်တိုင်းနောက်ပိုင်းတွင် စိတ်ဖိစီးမှုများကို ခံစားနေကြရသည်။
- စစ်ကိုင်းတိုင်းဒေသကြီးတွင်၊ မုန်တိုင်းတိုက်ခတ်ချိန်မှစ၍ IDPs ၅၀ ဦးကျော်ကို မြွေကိုက်ခံခဲ့ရကြောင်း အစီရင်ခံလာသည်။ မြွေများ၊ ကင်းမြီးကောက်များနှင့် အခြားအဆိပ်ရှိအင်းဆက်များကို မကွေးနှင့် စစ်ကိုင်းဒေသများရှိ အပူပိုင်းဇုန်နေရာများတွင် မကြာခဏတွေ့ရှိရပြီး၊ ရေကြီးမှုများကြောင့် ရွှေ့ပြောင်းရချိန်များတွင် လူသားများနှင့် မကြာခဏ ထိတွေ့မိတတ်ကြသည်။
- လူများသည် ခိုလှုံရာစခန်းနေရာများတွင် ထူထပ်ကြပ်တည်းသည့် နေထိုင်မှုအခြေအနေများနှင့် ရင်ဆိုင်နေရသည်။ အချို့ဖြစ်ရပ်များတွင် မိသားစုများစွာတို့သည် ကျဉ်းမြောင်းသော နေရာများ၌ ဂုဏ်သိက္ခာမရှိစွာ မျှဝေနေထိုင်ကြရပြီး၊ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ထိပါးနှောင့်ယှက်မှုများကို ပိုမိုခံရနိုင်သည်။ ထို့အပြင်၊ မီးအလင်းရောင်မရှိခြင်း၊ အိမ်သာများကို မှောင်မဲ၍ လူပြတ်သည့်နေရာများတွင် ထားရှိခြင်းတို့အပါအဝင် သန့်ရှင်းရေးနေရာများနှင့် သောက်သုံးရေလုံလောက်စွာ မရှိခြင်းတို့ကြောင့် ယင်းတို့ကို အသုံးပြုရသည့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အန္တရာယ်ဖြစ်နိုင်ခြေများ ပိုတိုးလာပါသည်။
- ကလေးသူငယ်များသည် အုပ်ထိန်းစောင့်ရှောက်သူများနှင့် ကွဲကွာနေသည့်အတွက် အဖော်မရှိဘဲ ကွဲကွာနေသော ကလေးသူငယ်များအား အကူအညီပေးရန် အရေးတကြီးလိုအပ်နေပါသည်။ ယနေ့အထိ ဖြစ်ရပ် ၃၁ ခုကို မှတ်တမ်းတင်ထားပြီးဖြစ်သည်။

**တုံ့ပြန်လုပ်ငန်းများ**

- မိုခါမုန်တိုင်းဒဏ်ခံရသည့် ဒေသများတွင် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများအန္တရာယ်ကို ပညာပေးခြင်း (EORE) **လုပ်ငန်း**အား ဆက်လက်ဆောင်ရွက်နေသည်။ မိတ်ဖက်အဖွဲ့များသည် အသေးစိတ်ပြင်ဆင်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေး သတင်းစကားများကို ရပ်ရွာလူထုအား တိုက်ရိုက်ရှင်းပြခြင်း၊ ပိုစတာများ၊ စာစောင်အသစ်များ ဖြန့်ဝေခြင်း၊ လူမှုမီဒီယာမှတဆင့် ပြောကြားခြင်းတို့အပြင် ဒေသတွင်းရေဒီယိုလိုင်းများကို အသုံးပြုခြင်းဖြင့်ဖြန့်ဝေပေးနေသည်။ ဤလုပ်ငန်းများအားလုံးကို ဒေသသုံးဘာသာစကားဖြင့် ပြုလုပ်ခြင်းဖြစ်သည်။
- မြေမြှုပ်မိုင်းအန္တရာယ်၊ မိသားစုပြန်လည်ပေါင်းစည်းရေးနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးခြင်းမှ ကြိုတင်ကာကွယ်ရေး (PSEA) တို့အတွက် သတင်းစကားများစဉ်ဆက်မပြတ်ပေးပို့ခြင်းအပါအဝင် ရပ်ရွာလူထုနှင့် ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းများ (CwC) ကို ဘေးဒဏ်ခံပြည်သူများအကြားတွင် ဆက်လက်ဖြန့်ဝေဆောင်ရွက်နေသည်။ မုန်တိုင်းကာလအလွန် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆက်သွယ်ပြန်ကြားရေးမဟာဗျူဟာတစ်ရပ်ကို ရေးဆွဲနေဆဲဖြစ်သည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည် -
    - "ပျောက်ဆုံးကလေးနှင့် စောင့်ရှောက်မှုပေးရေးဌာနများ" ကို တည်ထောင်ဆောင်ရွက်ခြင်းဖြင့် ကလေးသူငယ် ၃၁ ဦးကို မိသားစုနှင့် လျင်မြန်စွာ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့သည်။
    - ရခိုင်ပြည်နယ်တွင် ရွှေ့လျား/ယာယီ ကလေးသူငယ်အကျိုးပြုနေရာ (CFS) ၆၈ ခုကို တည်ထောင်ခဲ့ပြီး၊ အနောက်မြောက်ပိုင်းဒေသတွင် CFS ၄၈ နေရာကို စတင်တည်ထောင်နေပြီဖြစ်သည်။
    - တပြေးညီပြင်ဆင်ထားသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိနိုးကြားစေရေး သတင်းစကားများကို မုန်တိုင်းဒဏ်ခံပြည်သူများသို့ ဖြန့်ဝေခဲ့သည်။ ကနဦးအစီရင်ခံစာများအရ ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတွင် လူ ၁၁၀၀၀ ဦးသို့ ဖြန့်ကြက်ရောက်ရှိပြီးဖြစ်သည်။

- ○ အမှုစီမံခန့်ခွဲရေးကို ဆောင်ရွက်သူများက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးပြဿနာများရှိနေသည့် ကလေးသူငယ် ၇၈၈ ဦး (ရခိုင်တွင် ၁၉၄ ဦးနှင့် အနောက်မြောက်ပိုင်းဒေသတွင် ၅၉၄ ဦး) တို့ကို ကူညီပေးခဲ့ပြီး၊ အထူးပြုဆောင်ရွက်ပေးမည့် နေရာများသို့ လွှဲပြောင်းပေးခဲ့သည်။
- ○ စိတ္တလူမှုပိုင်းဆိုင်ရာ အကူအညီများ (PSS) ကို ရခိုင်ပြည်နယ်တွင် ကလေးသူငယ် ၅၂၀ ဦး (မိန်းကလေး ၂၇၀ ဦးနှင့် ယောကျ်ား လေး ၂၅၀ ဦး) သို့လည်းကောင်း၊ အနောက်မြောက်ပိုင်းဒေသတွင် ကလေးသူငယ် ၄၂၇၂ ဦးနှင့် အုပ်ထိန်းစောင့်ရှောက်သူ ၃၅၀ ဦးသို့လည်းကောင်း ထောက်ပံ့ပေးခဲ့သည်။ ရပ်ရွာအသိုင်းအဝိုင်းမှ စေတနာ့ဝန်ထမ်းများအား စွမ်းဆောင်ရည်တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။
- ○ ရခိုင်ပြည်နယ်တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးပစ္စည်း ၅၃ စုံကို ဖြန့်ဝေပေးခဲ့သည်။

- GBV မိတ်ဖက်အဖွဲ့များက ရခိုင်ပြည်နယ်တွင် အောက်ပါတုံ့ပြန်လုပ်ငန်းများကို ဆောင်ရွက်နေကြသည် -
  - ○ GBV လွှဲပြောင်းပေးရေးစနစ်ကို အကောင်အထည်ဖော်နေပြီး၊ GBV နှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများ ( SRHR) ကို ပေါင်းစည်းထားသည့် ရွေ့လျားအဖွဲ့ ၃ ဖွဲ့တို့က လုပ်ငန်းများလည်ပတ်နေကြသည်။ PFA ဝန်ဆောင်မှုများကို ထောက်ပံ့ရန် အတွက် ရွေ့လျားအဖွဲ့ ၇ ဖွဲ့တို့ကိုလည်း မိတ်ဖက်များက လှုပ်ရှားဆောင်ရွက်ခဲ့သည်။
  - ○ GBV ဝန်ဆောင်မှုပေးခြင်းနှင့် အမှုစီမံခန့်ခွဲရေးတို့ကို အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အကျိုးပြုနေရာ ၂၀ ခုနှင့် ရွေ့လျားအဖွဲ့ ၅ ဖွဲ့တို့မှတစ်ဆင့် ထောက်ပံ့ပေးနေသည်။ အန္တရာယ်ဖြစ်နိုင်ခြေမြင့်မားသော အမှုများအား အချိန်နှင့်တပြေးညီ လွှဲပြောင်းပေးနိုင်ရေးအတွက် လွှဲပြောင်းပေးအပ်ရေးလမ်းကြောင်းများကို နောက်ဆုံးရအချက်များဖြင့် အမြဲမွမ်းမံပေး နေသည်။
  - ○ မုန်တိုင်းဒဏ်ခံရသည့် မြို့နယ်များတွင် အရေးပေါ်ဖုန်းခေါ်ဆိုမှု ဝန်ဆောင်မှုများကို လည်ပတ်နေပြီး၊ ကာကွယ်စောင့်ရှောက် ရေး ဆိုင်ရာ ပြဿနာများနှင့် တိုင်ကြားချက်များကို အရေးယူဆောင်ရွက်ပေးနေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- GBV ဌာနများနှင့် ဆေးခန်းများစွာတို့ ပျက်စီးခဲ့ခြင်း၊ ထိခိုက်ခဲ့ခြင်း သို့မဟုတ် အထူးသဖြင့် အမျိုးသမီးဆရာဝန်များနှင့် အထောက် အကူပြုဝန်ထမ်းများအပါအဝင် သင့်တော်သောဆေးဝန်ထမ်းများ မရှိခြင်းတို့ကြောင့် စိတ်ဒဏ်ရာနှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အထူးပြု ဝန်ဆောင်မှုများသို့ လွှဲပြောင်းပေးခြင်းတို့အပါအဝင် GBV ရှင်သန်ကျန်ရစ်သူများအတွက် ဝန်ဆောင်မှုများနှင့် ကျန်းမာရေးစောင့် ရှောက်မှုများအား ရရှိအသုံးပြုနိုင်မှုတွင် အရေးကြီးသော ကွာဟချက်ရှိနေသည်။
- ဘေးဒဏ်ခံရေိယာများသို့ သွားလာရေးသည် ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသနှစ်ခုလုံးအတွက် ဆက်လက်တည်ရှိနေသော စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ မိတ်ဖက်အဖွဲ့များသည် များပြားသောအကန့်အသတ်များကို ရင်ဆိုင်နေရပြီး၊ ရေကြီးရေလျှံမှုများကြောင့် လမ်းနှင့် တံတားပျက်စီးမှုများ ရှိခဲ့သည်။
- လျှပ်စစ်နှင့် ဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများသည် အထူးသဖြင့် အနောက်မြောက်ပိုင်းဒေသအပါအဝင် နေရာများစွာတွင် အကန့် အသတ်ရှိနေဆဲဖြစ်ပြီး၊ မိတ်ဖက်အဖွဲ့များက မုန်တိုင်းကြောင့် ထိခိုက်မှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်ပမာဏကို အကဲဖြတ် ရန် သတင်းအချက်အလက်များ ရယူရာတွင် အဟန့်အတားဖြစ်နေသည်။
- အထူးသဖြင့် ကာကွယ်စောင့်ရှောက်ပေးရေးနယ်ပယ်တွင် ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာ ပြဿနာများနှင့် စိုးရိမ်မှုများကို သတ်မှတ်ဖော်ထုတ်၍ ဖြေရှင်းပေးရန်အတွက် လေ့ကျင့်သင်တန်းပေးထားသော ပညာရှင်အရေအတွက် လုံလောက်စွာမရှိပါ။
- ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှုပေးရန်အတွက် ငွေကြေးနှင့် လူ့စွမ်းအားရင်းမြစ်နှစ်မျိုးလုံးကို အရေးတကြီး လိုအပ် နေပါသည်။ မိတ်ဖက်အဖွဲ့အစည်းအနည်းငယ်ကသာ တုံ့ပြန်ရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေပြီး၊ ဆက်သွယ်သွားလာရေး စိန်ခေါ်မှုများရှိနေခြင်းကြောင့် တုံ့ပြန်လုပ်ငန်းများကို နှောင့်နှေးစေပါသည်။ ဘေးဒဏ်ခံပြည်သူများသို့ အရည်အသွေး ရှိသော တုံ့ပြန် လုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ရန်အတွက် ရန်ပုံငွေ မလုံလောက်ပါ။
- လတ်တလောလိုအပ်ချက်များကို အချိန်နှင့်တပြေးညီ တုံ့ပြန်နိုင်ရန်အတွက် ဒေသခံမိတ်ဖက်အဖွဲ့များသို့ အရေးပေါ်ရန်ပုံငွေ ထောက်ပံ့ ပေးခြင်း မရှိပါ။

- ရပ်ရွာလူထုအား အချိန်နှင့်တပြေးညီ ကူညီရန်အတွက် ပစ္စည်းများလုံလောက်စွာ မရရှိပါ။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ပစ္စည်းများအတွက်လည်းကောင်း၊ ကလေးသူငယ်အကျိုးပြုနေရာများအားလည်ပတ်ရန် ပစ္စည်းများအတွက်လည်းကောင်း အဆက်မပြတ်သော ပစ္စည်းဝယ်ယူမှုများ ပြုလုပ်ရန်လိုအပ်နေပါသည်။

## အမိုးအကာ၊ စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ (NFIs)၊ စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စခန်းစီမံခန့်ခွဲရေး (CCCM)

**လိုအပ်ချက်များ**

- အမိုးအကာ/NFIs/CCCM ကဏ္ဍစုသည် မုန်တိုင်းဒဏ်ခံရသည့် လူဦးရေ ၆၅၇၀၀၀ ဦး၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အမေရိကန်ဒေါ်လာ ၁၈.၂ သန်း လိုအပ်ပါသည်။ ဤလျာထားချက်တွင် ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံချက် (HRP) အရ သတ်မှတ်ထားပြီးဖြစ်သည့် လူဦးရေ ၃၉၀၀၀၀ ဦးနှင့် မုန်တိုင်းကြောင့် ထိခိုက်ခံခဲ့ရသည့် ထပ်တိုးလူဦးရေ ၂၆၇၀၀၀ ဦးတို့ ပါဝင်သည်။
- ကနဦးကွင်းဆင်းလေ့လာမှုများကို အခြေခံလျှက်၊ အောက်ပါလတ်တလောလိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ထားပါသည် -
  - ရခိုင်ပြည်နယ်တွင် ယခင်ရှိထားပြီးသည့် နေရပ်စွန့်ခွာရသူစခန်းနှင့် မှီခိုရာနေရာ ၂၀၀ ကျော်တို့သည် ဆိုးရွားစွာ ပျက်စီးခဲ့ပြီး၊ ကြီးမားသော အပျက်အစီးပုံများကြောင့် အထူးသဖြင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် IDPs များ အတွက် ထပ်တိုးအန္တရာယ်များကို ဖြစ်စေပါသည်။
  - အနောက်မြောက်ပိုင်းဒေသတစ်ခုလုံးတွင် ခန့်မှန်းခြေအားဖြင့် မကွေးတိုင်းဒေသကြီး၌ နေအိမ် ၁၃၃၈ လုံး ထိခိုက်ခဲ့ပြီး၊ လူဦးရေ ၆၆၉၀ ဦးအပေါ် သက်ရောက်မှုရှိခဲ့သည်၊ ချင်းပြည်နယ်၌ နေအိမ် ၂၅၈၁ လုံး ထိခိုက်ခဲ့ပြီး၊ လူဦးရေ ၁၂၉၀၅ ဦးအပေါ် သက်ရောက်မှုရှိခဲ့သည်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ နေအိမ် ၁၅၅၀ လုံး ထိခိုက်ခဲ့ပြီး၊ လူဦးရေ ၅၂၂၀၀ ဦးအပေါ် သက်ရောက်မှု ရှိခဲ့သည်။
  - ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မုန်တိုင်းဒဏ်ခံရသည့်မြို့နယ်များရှိ IDP စခန်းများတွင် မှီခိုရာနေရာ ၅၀၀ နီးပါးခန့်၊ စားဖိုဆောင် ၁၀ လုံး၊ စာသင်ကျောင်း ၂ ကျောင်း၊ ဘုန်းကြီးကျောင်း ၂ ကျောင်းနှင့် ဆေးခန်းတစ်ခန်းတို့ ထိခိုက်ခဲ့သည်။

**တုံ့ပြန်လုပ်ငန်းများ**

- ရခိုင်ပြည်နယ်တွင် ဝင်ရောက်ကူညီခွင့်ရှိထားသည့် ကဏ္ဍစုမိတ်ဖက်အဖွဲ့များက ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များ၌ ဘေးဒဏ်ခံအိမ်ထောင်စု ၇၇၀၀ စုသို့ မှီခိုရာနေရာအတွက် ပစ္စည်းများနှင့် NFI များကို ထောက်ပံ့ပေးခဲ့သည်။ ကဏ္ဍစုမိတ်ဖက်အဖွဲ့များသည် လက်ရှိ ဝင်ရောက်ကူညီခွင့်များကို အသုံးချ၍ လာမည့်နေ့များတွင် ရခိုင်ပြည်နယ်၌ ထပ်တိုးအိမ်ထောင်စု ၁၀၇၂၃ စုသို့ မှီခိုရာနေရာနှင့် NFI အကူအညီများထောက်ပံ့ပေးရန် စီစဉ်နေသည်။
- အနောက်မြောက်ပိုင်းဒေသတွင်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ပစ္စည်းနှင့် ငွေကြေးအကူအညီများကို ထောက်ပံ့ပေးနေသည်။ ဘက်စုံသုံးငွေကြေးအကူအညီပေးခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ကနီနှင့် ယင်းမာပင်မြို့နယ်များ၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် ပေါက်နှင့် ထီးလင်းမြို့နယ်များ၌ လည်းကောင်း ဘေးဒဏ်ခံပြည်သူများသို့ ပေးအပ်သွားရန် စီစဉ်နေသည်။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်၊ ဝင်ရောက်ကူညီခွင့်ရှိထားသည့် ကဏ္ဍစုမိတ်ဖက်အဖွဲ့များက အောက်ပါတုံ့ပြန်လုပ်ငန်းများကို ဆောင်ရွက်ထားပြီးဖြစ်သည် -
  - ကချင်ပြည်နယ်ရှိ IDP စခန်း ၇ ခုအနက်၊ ၅ ခုတွင် မှီခိုရာနေရာများကို ပြန်လည်ပြင်ဆင်မှုများ စတင်ခဲ့ပြီး၊ ကိုယ့်အားကိုယ်ကိုး ပြင်ဆင်နေသည့် စခန်းတစ်ခုကို အကူအညီများပေးနေသည်။ ကျန်စခန်းတစ်ခုတွင် ထိခိုက်ပျက်စီးခဲ့သော မှီခိုရာနေရာများနှင့် ရပ်ရွာခန်းမ တစ်ခုတို့ကို ပြန်လည်ပြင်ဆင်ရန် ထပ်တိုးအကူအညီများ လိုအပ်နေဆဲဖြစ်သည်။
  - ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာ ၁၁ ရွာမှ ဘေးဒဏ်ခံ မိသားစု ၁၃၀ အတွက် အရေးပေါ်အမိုးအကာပစ္စည်းများ ဖြန့်ဝေပေးရန် လိုအပ်နေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ဤကဏ္ဍစုသည် မုန်တိုင်းမတိုက်ခတ်မီက ၂၀၂၃ ခုနှစ်အတွက် ရန်ပုံငွေအသစ် မရရှိခဲ့သဖြင့် မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ထပ်တိုး လိုအပ်ချက်များအား လက်ရှိ ရင်းမြစ်များဖြင့် ဖြည့်ဆည်းထောက်ကန်ပေးနိုင်စွမ်းကို လျော့နည်းစေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်း၊ စစ်ဆေးရေးဂိတ်များရှိနေခြင်းနှင့် လမ်းပိတ်ဆို့မှုများသည် လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်ရရှိရေးနှင့် တုံ့ပြန်လုပ်ငန်းများအတွက် အဓိကစိန်ခေါ်မှုတစ်ခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အစီရင်ခံသည့်ကာလအတွင်း ပြန်လည်တည်ဆောက်ရန်/ပြင်ဆင်ရန် လိုအပ်နေသော မှီခိုရာနေရာ ၅၆ လုံးနှင့် ရပ်ရွာခန်းမ ၄ ခုတို့အတွက် အကူအညီပေးရန် ကွာဟချက်ရှိနေပါသည်။

## ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရည်ကျန်းမာရေး (WASH)

**လိုအပ်ချက်များ**

- WASH ကဏ္ဍစုသည် မုန်တိုင်းဒဏ်ခံရသော လူဦးရေ ၅၄၉၀၀၀ ဦး၏ WASH ဝန်ဆောင်မှုလိုအပ်ချက်များကို ဦးစားပေး ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၅၃.၁ သန်း လိုအပ်ပါသည်။ ဤလူအားလုံးသည် ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံချက် (HRP) အရ အကူအညီပေးရန် သတ်မှတ်ထားပြီးဖြစ်သော်လည်း၊ ၎င်းတို့အနက် လူဦးရေ ၂၆၂၀၀၀ ဦးသည် မုန်တိုင်း၏ သက်ရောက်မှုကြောင့် ယခုအချိန်တွင် တိုးချဲ့အကူအညီ သို့မဟုတ် ထပ်တိုးအကူအညီများကို ထပ်မံလိုအပ်နေပါသည်။
- ကွင်းဆင်းလေ့လာမှုများအရ ရခိုင်ပြည်နယ်တွင် ရေအရင်းအမြစ်များ၊ အိမ်သာများ၊ WASH ဆိုင်ရာ အဆောက်အဦများ ထိခိုက် သို့မဟုတ် ပျက်စီးခဲ့ရသည်။
  - မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များရှိ ကျေးရွာ ၁၀၅ ရွာတွင် ရေကန် ၂၀၈ ကန်သို့ ဆားငန်ရေများ ဝင်ရောက်ခဲ့ပြီး၊ အိမ်ထောင်စု ၁၉၁၅၂ စု (ပြည်သူနှင့် IDP ပေါင်း ၁၀၀၀၀၀ ကျော်) အပေါ် သက်ရောက်မှုရှိခဲ့သည်။
  - မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မာန်အောင်၊ ပုဏ္ဏားကျွန်းနှင့်စစ်တွေမြို့နယ်များရှိ ကျေးရွာ ၄၆ ရွာတွင် ရေတွင်း ၂၀၀ နီးပါး၏ အမိုးနှင့် အခြားအစိတ်အပိုင်းများ ထိခိုက်ခဲ့သည်။
  - မင်းပြားမြို့နယ်ရှိ ကျေးရွာ ၂ ရွာတွင် ရေစစ်ကန်အဆောက်အဦ ၂ လုံး ထိခိုက်ပျက်စီးခဲ့သည်။
  - မြို့နယ် ၈ မြို့နယ်ရှိ ကာလရှည်တည်ရှိခဲ့သည့် နေရပ်စွန့်ခွာစခန်းများနှင့် ခိုလှုံရာနေရာများတွင် အိမ်သာ ၂၈၀၀ ကျော် ထိခိုက်ပျက်စီးခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင် ဒေသခံမိတ်ဖက်အဖွဲ့များက အောက်ပါလိုအပ်ချက်များကို အစီရင်ခံထားသည် -
  - ချင်းပြည်နယ်တွင် မုန်တိုင်းဒဏ်ခံရသည့် နေအိမ်များနှင့် အဆောက်အဦအားလုံးနီးပါး ထိခိုက် သို့မဟုတ် ပျက်စီးခဲ့ပြီး၊ မြို့နယ် ၇ မြို့နယ်မှ အိမ်ထောင်စု ၇၂၄ စုအပေါ် သက်ရောက်မှုရှိခဲ့သည်။
  - မကွေးတိုင်းဒေသကြီးတွင် လေပြင်းတိုက်ခတ်မှုအပြင် ရေကြီးရေလျှံမှုများကြောင့် နေအိမ်များ၊ ပုဂ္ဂလိကနှင့် ပြည်သူပိုင် အဆောက်အဦများ၊ စိုက်ပျိုးမြေနှင့် တိရစ္ဆာန်များ ဆုံးရှုံးခဲ့ရပြီး မြို့နယ် ၉ မြို့နယ်မှ အိမ်ထောင်စု ၄၈၃၆ စု အပေါ် သက်ရောက်မှုရှိခဲ့သည်။

**တုံ့ပြန်လုပ်ငန်းများ**

- ရခိုင်ပြည်နယ်တွင် ဝင်ရောက်ကူညီခွင့်ရရှိထားသည့် ကဏ္ဍစုမိတ်ဖက်အဖွဲ့များက လက်ရှိ ဝင်ရောက်ခွင့်များကို အသုံးချလျှက် မြို့နယ်အချို့ရှိ ရိုဟင်ဂျာ IDP စခန်းများနှင့် ရခိုင် နေရပ်စွန့်ခွာရာနေရာများနှစ်မျိုးလုံးတွင် မုန်တိုင်းဒဏ်ခံအိမ်ထောင်စုများသို့ WASH နှင့် အခြားအရေးပေါ်ပစ္စည်းများကို အောက်ပါအတိုင်း ဖြန့်ဝေပေးခဲ့သည် -

  - မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် စစ်တွေမြို့နယ် ဘာဆာရာ IDP စခန်းမှ အိမ်ထောင်စု ၄၂၇ စုနှင့် ဖွေးရာကုန်း IDP စခန်းရှိ အိမ်ထောင်စု ၄၀၀ စုတို့အား တစ်ကိုယ်ရည် သန့်ရှင်းရေးပစ္စည်းများနှင့် တာပေါ်လင်စများအပါအဝင် မရှိမဖြစ် လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများကို ဖြန့်ဝေခဲ့သည်။
  - ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် စစ်တွေမြို့နယ်များရှိ ခိုလှုံရာနေရာများမှ ရခိုင် IDP များသို့ တစ်ကိုယ်ရည် သန့်ရှင်းရေး ပစ္စည်း ၁၅၀၀၀ စုံခန့်၊ ရေစစ် ၁၈၀၀၊ ရေပုံး ၇၀၀ တို့ကို ဖြန့်ဝေပေးခဲ့ပါသည်။ ထို့အပြင် စစ်တွေမြို့ပေါ်ရှိ ဘေးဒဏ်ခံ ပြည်သူများသို့ တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်း ၁၈၃ စုံနှင့် အမျိုးသမီးတစ်ကိုယ်ရည်သုံးပစ္စည်း (Dignity Kit) ၁၄၀ စုံတို့ကို ဖြန့်ဝေခဲ့သည်။
  - စစ်တွေမြို့နယ်တွင် ကျေးရွာ ၂ ရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် နေရပ်စွန့်ခွာသူများ ခိုလှုံရာနေရာတစ်နေရာ၊ ပေါက်တောနှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့တွင် ကျေးရွာ ၂၅ ရွာတို့အား သောက်ရေ လီတာ ၁၀၀၀၀ ကျော် ထောက်ပံ့ပေးခဲ့သည်။ ကျောက်တော်မြို့နယ်ရှိ နေရပ်စွန့်ခွာသူများ ခိုလှုံရာနေရာ ၈ နေရာနှင့် စစ်တွေမြို့နယ်ရှိ IDP စခန်းနှင့် နေရပ်စွန့်ခွာသူများ ခိုလှုံရာနေရာ ၁၇ နေရာတို့ထံ ရေကို လှေနှင့် ကုန်တင်ကားများဖြင့် ပို့ဆောင်ထောက်ပံ့ပေးခဲ့သည်။
  - ပေါက်တောမြို့နယ် ငဖြီကျွန်းမှ ကျေးရွာ ၃ ရွာရှိ ဘေးဒဏ်ခံအိမ်ထောင်စုများသို့ သောက်ရေ ၁၁၂၀ လီတာကျော်၊ ရေသန့်ဆေးပြားများနှင့် ဓာတ်ဆားရည် (ORS) များကို ဖြန့်ဝေပေးခဲ့ပါသည်။
  - စစ်တွေမြို့နယ်ရှိ IDP စခန်း ၂ ခုအတွက် သုံးရေ လီတာ ၁၉၀၀၀ ကျော်နှင့် စစ်တွေမြို့လယ်ရှိ အိမ်ထောင်စု ၆၀၀ ခန့်အတွက် သောက်ရေ လီတာ ၂၃၀၀၀ ကို ထောက်ပံ့ပေးခဲ့သည်။
  - ထို့အပြင် စစ်တွေမြို့နယ်ရှိ IDP စခန်း ၃ ခုတွင် တစ်ကိုယ်ရည်ကျန်းမာရေး မြှင့်တင်ခြင်း ဆွေးနွေးပွဲ ၃ ခုကို ပြုလုပ်ခဲ့ရာ လူဦးရေ ၁၀၀ တက်ရောက်ခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင် ကဏ္ဍစုမိတ်ဖက်အဖွဲ့များသည် အောက်ပါတုံ့ပြန်လုပ်ငန်းများကို ထောက်ပံ့ပေးနေပါသည် -
  - ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တွင် အိမ်ထောင်စု ၁၅၀၀ စုအား တစ်ကိုယ်ရည် သန့်ရှင်းရေး ပစ္စည်းများ ထောက်ပံ့ပေးခြင်း။
  - မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် အိမ်ထောင်စု ၂၀၀၀ ခန့်အတွက် အာဟာရနှင့် WASH ဆိုင်ရာ အရေးပေါ် အကူအညီများ ပေးအပ်ခြင်း။
  - မကွေးတိုင်းဒေသကြီး ပေါက်၊ ပခုက္ကူနှင့် ဆိပ်ဖြူမြို့နယ်များတွင် အိမ်ထောင်စု ၁၀၀၀ ခန့်အား WASH ဆိုင်ရာ အကူအညီများပေးအပ်ခြင်း။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ရခိုင်ပြည်နယ်တွင် ကုန်ပစ္စည်းအကန့်အသတ်ဖြင့်သာ ရရှိနိုင်ခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်လုပ်ငန်းများကို နှောင့်နှေးစေသည်။
- မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် ဖုန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓါတ်အားပြတ်တောက်မှုတို့သည် သတင်းအချက်အလက်ရယူခြင်းနှင့် မျှဝေခြင်းတို့အတွက် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်။ အနောက်မြောက်ဒေသတွင်လည်း၊ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် တပ်ဖွဲ့များရှိနေခြင်းတို့ကြောင့် ကွင်းဆင်းလေ့လာမှုများနှင့် တုံ့ပြန်လုပ်ငန်းများကိုပါ အကန့်အသတ်ဖြစ်စေသည်။

## အထွေထွေပေါင်းစပ်ညှိနှိုင်းရေး

ကဏ္ဍအားလုံးတွင်ရှိနေသာ လတ်တလောပြဿနာများနှင့် လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် လူသားချင်းစာနာမှုအသိုင်းအဝိုင်းအတွင်းရှိ ပါဝင်သူအမျိုးမျိုးတို့နှင့် ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများကို အဆင့်အမျိုးမျိုးတွင် ပြုလုပ်လျှက်ရှိသည်။ ဤအစည်းအဝေးများသည် ဘေးဒဏ်ခံဒေသများမှ ကွင်းဆင်းလေ့လာချက်များကို သရုပ်ခွဲဆန်းစစ်ရာတွင်နှင့် တုံ့ပြန်ရေးစီမံချက်များရေးဆွဲရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အချက် (၃) ချက်လိုအပ်ပါသည်။ ပထမအချက်မှာ မုန်တိုင်းဇုန်အတွင်းရှိ သိုလှောင်ထားသောပစ္စည်းများအား ပြန်လည်ဖြည့်တင်းပေးနိုင်ရန်အတွက် ထောက်ပံ့ရေးပစ္စည်းများကို ပိုမိုလိုအပ်ပါသည်။ ဤနေရာတွင် ထောက်ပံ့ရေးပစ္စည်းများအား ပြည်တွင်းတွင် ရွှေ့ပြောင်းခြင်းနှင့် မြန်မာနိုင်ငံပြင်ပမှ ထောက်ပံ့ရေးပစ္စည်းများအား တင်သွင်းခြင်းတို့ ပါဝင်သည်။ ထောက်ပံ့ရေးပစ္စည်းများကို နိုင်ငံတွင်းသို့ ပို့ဆောင်နိုင်ရေးအတွက် အဆိုပြုချက်များစွာတို့ကို ပြုလုပ်ထားပြီး၊ ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေရဆဲဖြစ်သည်။ ဒုတိယအချက်မှာ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအတွက် ဘေးဒဏ်ခံရပ်ရွာလူထုထံသို့ ဝင်ရောက်ကူညီခွင့်များကို တိုးချဲ့ရရှိရန် လိုအပ်ပါသည်။ နေပြည်တော်တွင် ဆွေးနွေးမှုများပေါ်အခြေခံ၍ နှစ်ပတ်ကြာဖြန့်ဖြူးရေးအစီအစဉ်အသေးစိတ်ကို အတည်ပြုချက်ရယူရန် တင်ပြထားပြီးဖြစ်သည်။ မုတ်သုန်ရာသီ မရောက်မီတွင် ဤဖြန့်ဖြူးမှုများကို အချိန်လု၍ ဆောင်ရွက်ရမည်ဖြစ်သည်။ တတိယအချက်မှာ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် အကူအညီလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ပစ္စည်းများအား အလျင်အမြန်ဝယ်ယူရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ပစ္စည်းဖြန့်ဖြူးရေးတို့ကို စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်ရန်အတွက် ပိုမိုများပြားသော ရန်ပုံငွေများကို လိုအပ်ပါသည်။

**သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဆက်သွယ်ပါ -**

**Danielle Parry, Officer in Charge, parryd@un.org, +95 9797002713 (Phone/Signal)**

**Suhad Sakalla, Humanitarian Affairs Officer, sakalla@un.org, +95 9797007815, +972 054433 4202 (Signal/WhatsApp)**

**Lesly Lotha, Communication Specialist, lesly.lotha@un.org, +959 796139223 (Phone/Signal)**

**သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဝင်ရောက်ကြည့်ရှုပါ -**

***www.unocha.org* | https://reliefweb.int/country/mmr | https://www.facebook.com/OCHAMyanmar**